# 11 ck;rmuftyfufudajzlum;awmfjcif;

မြတ်စွာဘုရားသခင်သည် ၁၀ ခုမြောက် အိပ်မက်ကို ဖြေကြားတော်မူပြီး၍ "မြတ်သော မင်းကြီး၊ သင် မင်းကြီးသည် ၁၁ခု မြောက် မြင်မက်အပ်သော အိပ်မက်ကို လျှောက်ဦးလော့"ဟု မိန့်တော်မူလေ၏။

ထိုသို့ မိန့်တော်မူသည်ရှိသော် ကောသလမင်းကြီးသည် ဤသို့ မြတ်စွာဘုရားအား လျှောက်ထားလေ၏။ "အရှင်ဘုရား၊ အဖိုးတစ်သိန်းထိုက်တန်သော *စန္ဒကူးနံ့သာနှစ်ကို ရက်တက်ရည်ပုပ်ဖြင့် ရောင်းစားသည်ကို မြင်မက်ပါသည်။ ဤအိပ်မက်သည်ကား

---

* စန္ဒကူး လေးမျိုး

၁။ ။ စန္ဒကူးဖြူ၊ မလယကျွန်းတောင်တစ်ခုဝယ် ဖြစ်သည်။

၂။ ။ စန္ဒကူးရွှေ၊ ဂေါသသတောင်၊ ဟရိမည်သော တောင်တို့၌ ဖြစ်သည်။ ၎င်း စန္ဒကူးတို့ကို ဂေါသီသစန္ဒကူး ဟရိစန္ဒကူးဟု ခေါ်ဆိုသည်။ ။ ဤစန္ဒကူးတို့ကို ကျိုက်ကျိုက်ဆူသော ရေ၌ ခပ်သော် အပူငြိမ်း၏။

၃။ ။ စန္ဒကူးနီ ၊ အရွက်သဏ္ဍာန်မှာ နှမ်းရွက်ခန့် ပမာဏရှိ၏။

၄။ ။ စန္ဒကူးနက်၊ မည်းနက်သော အဆင်းရှိ၏။ စန္ဒကူးနံ့သာနှစ် လက်လေးသစ် အရွယ်မျှပင် အဖိုးတစ်သိန်းထိုက်ကြောင်း ကျမ်းဂန်တို့၌ လာသည်။



တစ်သိန်းတန် စန္ဒကူးကို ရက်တက်ပုပ်ရည်နှင့် လဲစားပုံ

အကျွန်ုပ် ၁၁ ခုမြောက် မြင်မက်အပ်သော အိပ် မက်ဖြစ်ပါသည်။ ဤအိပ်မက်၏ အကျိုးသည် မည်သို့ ဖြစ်ပါလတ္တံ့နည်း”ဟု မြတ်စွာဘုရားသခင်အား လျှောက်ထားလေ၏။

မြတ်စွာဘုရားသခင်သည် “မြတ်သော မင်းကြီး၊ ဤအိပ်မက်၏ အကျိုးသည်လည်း ငါဘုရား၏ အဆုံးအမသာသနာတော် ဆုတ်ယုတ်သော နောင်အခါကာလ၌သာလျှင် ဖြစ်လတ္တံ့။ နောင်အခါ၌ လေးဖြာပစ္စယအာမိသတို့၌ လျှပ်ပေါ်လော်လီကြကုန်သော သွေဖည်ညစ်ညမ်း အလဇ္ဇီရဟန်းတို့သည် ပေါများကြကုန်လတ္တံ့။ ထိုအလဇ္ဇီရဟန်းတို့သည် လေးလီသော ပစ္စယအာမိသတို့၌ အလွန်လျှင် လျှပ်ပေါ်လော်လီကြကုန်သည်ဖြစ်၍ ငါ ဘုရားသည် လေးဖြာသောပစ္စည်း၌ လော်လီတပ်မက်ခြင်း အာသာဆန္ဒ သမုဒယကို ဖြတ်ပယ်ရန်အကြောင်း ကောင်းစွာ ဟောကြားအပ်သော တရားဒေသနာမြတ်တို့ကို သက်န်းစသော ပစ္စည်းအသုံးအဆောင် အမျိုးမျိုးရလိုမှု အကြောင်းကြောင့် လူအပေါင်းတို့အား ဟောကြားကုန်လတ္တံ့။ သက်န်းစသော ပစ္စည်းဥစ္စာအဖြာဖြာတို့၌ လွန်စွာ တပ်မက်မောကြကုန်သဖြင့် သံသရာဝဋ်အတွင်းမှ လွတ်ကင်းထွက်မြောက်ရာအမှန် မြတ်နိဗ္ဗာန်သို့ ရောက်ကြောင်း ကောင်းစွာရှေးရှုပြု၍ တရားဟောခြင်းငှာ မတတ်နိုင်ကြကုန်လတ္တံ့။ ထိုအလဇ္ဇီတို့သည် စင်စစ်အားဖြင့် လူအပေါင်းတို့သည် ပုဒ်အက္ခရာ ပြည့်ပြည့်စုံစုံ သုံးပုံ ထူးခြားဆန်းသစ်သော စကားလုံးကလေးများကို လည်းကောင်း၊ သာယာလှစွာသော အသံကိုမျှလည်းကောင်း ကြားနာရ၍ အဖိုးများစွာ ထိုက်တန်သော သက်န်း



နိဗ္ဗာန်ရရန် ဟောကြားအပ်သော တရားတော်ကို ပစ္စည်းရရန် ဟောကြားပုံ

စသော ပစ္စည်းအဖြာဖြာတို့ကို လှူသော်လည်း လှူဒါန်းကြကုန်လတ္တံ့။ လှူဒါန်းလိုသော စိတ်သော်လည်း ဖြစ်ပေါ် ကြကုန်လတ္တံ့ ဟူသောရည်ရွယ်ချက်ဖြင့် တရားဟောကြကုန်လတ္တံ့။ အချို့ ရဟန်းတို့ကလည်း အိမ်ကြို အိမ်ကြား ခရီးလမ်းမ ခရီးလမ်းဆုံ မင်းအိမ်တံခါး စသော အရပ်ဌာနအသီးသီးတို့၌ နေကြကုန်လျက် တစ်သပြာမျှကို လည်းကောင်း၊ သပြာတစ်ဝက်မျှကို လည်း ကောင်း၊ တစ်မတ်မျှကို လည်းကောင်း၊ တစ်ပဲမျှကို လည်းကောင်း ရရန်ငဲ့စောင်း အကြောင်းပြု၍ ငါဘုရား၏ တရားဒေသနာကို ဟောကြားကုန်လတ္တံ့။ ဤသို့လျှင် ငါဘုရားသည် အသခ်တ ဓာတ် မြတ်လှစွာသော နိဗ္ဗာန်အမြိုက် အဖိုးထိုက်သည်ကို ပြု၍ ဟော တော်မူအပ်သော တရားတော်ကို သက်န်းစသည့် လေးလီပစ္စယ အာမိသ အကျိုးငှာ လည်းကောင်း၊ တစ်သပြာ၊ သပြာတစ်ဝက်စ သည်တို့၏ အကျိုးငှာ လည်းကောင်း ရောင်းစား၍ ဟောကြားကြ ကုန်သော အလဇ္ဇီပုဂ္ဂိုလ်အပေါင်းတို့သည် အဖိုးတစ်သိန်းထိုက် တန်သော စန္ဒကူးနံ့သာနှစ်ကို ရက်တက်ရည်ပုပ်ဖြင့် ရောင်းစား သကဲ့သို့ ဖြစ်ကုန်လတ္တံ့။ မြတ်သောမင်းကြီး၊ ဤအိပ်မက်ဟူသော အကြောင်းကြောင့်လည်း သင် မင်းကြီးအား တစ်စုံတစ်ခုသော ဘေးရန်မရှိ”ဟု မိန့်ဆိုဖြေကြားတော်မူလေ၏။